# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

### အမိန့်ကြော်ငြာစာအမှတ်( ၆၃၄ / ၂၀၂၃ )

### ၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ( ၆ ) ရက်

### ၂၀၂၃ ခုနှစ်၊ ဩဂုတ် လ ( ၇ ) ရက်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ရှေ့နေများအက်ဥပဒေပုဒ်မ ၆ အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

၁။ ဤနည်းဥပဒေများကို ၁၉၅၅ ခုနှစ်၊ ရှေ့နေအဖြစ်ဝင်ခွင့်နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများဟု ခေါ်တွင်စေရမည်။

၂။ ၁၉၅၅ ခုနှစ်၊ ရှေ့နေအဖြစ်ဝင်ခွင့်နည်းဥပဒေများ၊ နည်းဥပဒေ ၂၇ ကို နည်းဥပဒေ ၂၇ နည်းဥပဒေခွဲ (၁) အဖြစ်သတ်မှတ်၍၊ ယင်းနောက်တွင် နည်းဥပဒေ ၂၇ နည်းဥပဒေခွဲ(၂) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

**နည်းဥပဒေ၂၇(၂)။** **ရှေ့နေအဖြစ် ဝင်ခွင့်ရပြီးသူ တစ်ဦးတစ်ယောက်သည် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေဆိုင်ရာ တာဝန်ဝတ္တရားများကိုလိုက်နာရမည်။လိုက်နာရန် ပျက်ကွက်လျှင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အဆိုပါရှေ့နေကို အမှုလိုက်ပါဆောင်ရွက်ခြင်းမှ ဆိုင်းငံ့ခြင်း၊ သို့မဟုတ် ရှေ့နေအဖြစ်မှထုတ်ပယ်ခြင်းပြုရမည်။**

( သာဌေး )

ပြည်ထောင်စုတရားသူကြီးချုပ်

စာအမှတ်၊ ၁၈ / ၄၅၄/ ပတခ (၁၃၆၈/၂၀၂၃)

ရက်စွဲ၊ ၂၀၂၃ ခုနှစ်၊ ဩဂုတ် လ ၇ ရက်